NAY PYI TAW PDF
@nptpdf.mm.2021 · Political Organization

**အမျိုးသားညီညွတ်ရေး အစိုးရ**

**ကာကွယ်ရေးဝန်ကြီးဌာန**

**အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်**

**ပြည်သူ့ကာကွယ်ရေး တပ်မတော် (နေပြည်တော်)**

ကြေငြာချက်အမှတ် (၁၁/၂၀၂၁)

( ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလ ၃ ရက် )

## <u>မိဘပြည်သူများသို့ ကြိုတင် မေတ္တာရပ်ခံခြင်း</u>

၂၀၂၁ ခုနှစ် အောက်တိုဘာလ မှ စတင်ပြီး ကျွန်တော်တို့ ပြည်သူ့ကာကွယ်ရေး တပ်မတော် (နေပြည်တော်) နှင့်အတူ အခြားသော တော်လှန်ရေး တပ်ပေါင်းစုများ ပူးပေါင်းပြီး နေပြည်တော် အတွင်း နေရာအနှံ့၌ ပိုမိုပြင်းထန်သည့် မြို့ပြ ပျောက်ကြား စစ်ဆင်ရေးလှုပ်ရှားမှုများ စတင်ပြုလုပ်တော့မည်ဖြစ်ပါသဖြင့် မိဘပြည်သူများအနေဖြင့် လူကြီးမင်းတို့၏ အိမ်ရှေ့များတွင် လမ်းဘက်သို့မျက်နှာမူပြီး တပ်ဆင်ထားသော လုံခြုံရေးကင်မရာ (CCTV Camera) များကို ပိတ်ထားပေးပါရန် (သို့မဟုတ်) လမ်းဘက်သို့ မျက်နှာမမူပဲ အခြားတနေရာသို့ မြင်ကွင်းပြောင်းပြီး ချိန်ရွယ်ထားပေးခြင်းဖြင့် ပူပေါင်းကူညီပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း မိဘပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် လူသားချင်းစာနာ ထောက်ထားရေး နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာ ( အမျိုးသာညီညွတ်ရေးအစိုးရ ) ၏ ကြိုတင်လမ်းညွှန်ချက်များကို အချိန်မှီ ကြိုတင်လေ့လာထားသင့်ပြီး၊ ထိုလမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ကြပါရန်နှင့် စစ်ဆင်ရေးတွင်ပါဝင်သော ကျွန်တော်တို့ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များမှ အကူညီများ တောင်းခံလာပါကလည်း ကူညီပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

**“ တရားသောစစ် နိုင်ရမည်။ ”**

**“ ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်တော့မည်။ ”**

ဗိုလ်ငွေစိုး ( တာဝန်ခံ )
သတင်း နှင့် ပြန်ကြားရေး ကော်မတီ
ပြည်သူ့ကာကွယ်ရေးတပ်မတော်(နေပြည်တော်)
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်